## Solemnity of Mary, the Holy Mother of God (January 01, 2015)

**1st READING:** ***Nm 6:22-27***

တောလည်ရာကျမ်း ၆ း၂၂ - ၂၇

ဘုရားသခင်သည်မိုးဇယ်အားမိန့်တော်မူသည်ကားအာရုန်နှင့်သူ၏သားများအားပြောလော့၊သင်တို့သည်အစ္စရေးအမျိုးသားများအားကောင်းချီးပေးကြသောအခါဤကဲ့သို့ရွတ်ဆိုကြလော့၊သခင်ဘုရားသည်သင့်အားကောင်းချီးပေးပါစေ၊သင့်အားစောင့်ရှောက်တော်မူပါစေ၊သခင်ဘုရားသည်မိမိမျက်နှာတော်ကိုသင့်အားပြ၍သင့်အားကျေးဇူးပြုတော်မူပါစေ၊သခင်ဘုရားသည်မိမိမျက်နှာတော်ကိုသင့်အားပြ၍သင့်အားကျေးဇူးပြုတော်မူပါစေ၊သခင်ဘုရားသည်သင့်ဆီသို့မျက်နှာတော်ကိုလှည့်၍သင့်အားငြိမ်းချမ်းသာယာခြင်းကိုပေးတော်မူပါစေ၊အစ္စရေးအမျိုးသားများအဖို့ငါ၏နာမတော်ကိုတောင်းပန်လျှောက်ထားကြသောအခါငါသည်သူတို့အားကောင်းချီးပေးမည်၊

ဤသည်ကား ဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm 67:2-3, 5, 6, 8**

ဆာလံ - ၆၆

**သံပြိုင်။** ဘုရားသခင်သည်ကျွန်ုပ်တို့ကိုသနားတော်မူ၍ကောင်းချီးမင်္ဂလာပေးတော်မူပါစေ၊-

R. May God bless us in his mercy.

၁။ ။ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုသနားတော်မူ၍ကောင်းချီးမင်္ဂလာပေးတော်မူပါစေ၊-
မိမိ၏ချိုသာသောမျက်နှာတော်ကိုလည်းပြတော်မူပါစေ-၊ မြေကြီးပေါ်၌ကိုယ်တော်၏တရားတော်ကို
လည်းကောင်း၊လူမျိုးတရာတို့၌ကိုယ်တော်၏ကယ်တင်ခြင်းကိုလည်းကောင်းသိရှိ ကြပါစေ၊-**(သံပြိုင်)**

May God have pity on us and bless us; may he let his face shine upon us. So may your way be known upon earth; among all nations, your salvation.

၂။ ။ လူအမျိုးမျိုးတို့သည်ရွှင်လန်းဝမ်းမြောက်ကြပါစေ၊အကြောင်းမူကားကိုယ်တော်သည်လူမျိုးတကာ
တို့ကိုဖြောင့်မတ်စွာတရားစီရင်တော်မူ၍မြေကြီးပေါ်မှာရှိသောလူမျိုးတို့ကို လမ်းပြတော်မူပြီ၊-**(သံပြိုင်)**

May the nations be glad and exult because you rule the peoples in equity; the nations on the earth you guide.

၃။ ။ အိုဘုရားသခင်လူမျိုးမျိုးတို့သည်ကိုယ်တော်ကိုချီးမွမ်းကြပါစေ၊- လူအပေါင်းတို့သည်လည်း ကိုယ်
တော်ကိုချီးမွမ်းကြပါစေ၊- ဘုရားသခင်သည်ကျွန်ုပ်တို့ကိုကောင်းချီးပေးတော်မူပါစေ၊မြေကြီးပေါ်၌ရှိ
သောဘူအပေါင်းတို့သည်လည်းကိုယ်တော်ကိုကြောက်ရွံ့ရိုသေကြပါစေ၊-**(သံပြိုင်)**

May the peoples praise you, O God; may all the peoples praise you! May God bless us, and may all the ends of the earth fear him!

**2nd READING:** ***Gal 4:4-7***

ဂါလာတိယဩဝါဒစာ။ ၄း ၄-၇

ညီအစ်ကိုတို့၊

မိုးဇယ်၏ပညတ်တရားတော်ကိုလိုက်နာချိန်၌ဘုရားသခင်သတ်မှတ်ထားသောအ
ချိန်သို့ရောက်သောအခါ၊ထိုပညတ်တရားတော်အောက်၌ရှိနေကြသောသူတို့ကို
ကယ်တင်ရန်လည်းကောင်း၊ကျွန်ုပ်တို့ဘုရားသခင်၏သားသမီးအဖြစ်တင်မြှောက်ရန်
လည်းကောင်း၊မိန်းမမှဖွားသောမိမိသားတော်ကိုစေလွှတ်တော်မူသည်၊သို့ဖြစ်၍သင်တို့
သည်သားသမီးများဖြစ်ကြသောကြောင့်ဘုရားသခင်သည်"အဗ္ဗ၊အဖ"ဟုကြွေးကြော်
သောမိမိသားတော်၏ဝိညာဉ်တော်ကိုသင်တို့၏စိတ်နှလုံးထဲသို့စေလွှတ်တော်မူပေသည်
ထို့ကြောင့်သင်တို့သည်အစေခံများမဟုတ်တော့၊သားသမီးများဖြစ်ကြသည်၊သားသမီးမျ
ားဖြစ်ကြလျှင်အမွေခံအမွေစားများလည်းဖြစ်ကြသည်၊-

ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း၊

**GOSPEL:** ***Luke 2: 16-21***

သံလူကားရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်း။ ၂ း (၁၆ မှ ၂၁ )

ထိုကာလ၌သိုးထိန်းတို့သည်ဘက်သလေဟင်သို့အလျင်အမြန်သွားကြ၍မာရိယားနှင့်ဇု ဇယ်ကိုလည်းကောင်း၊နွားစားခွက်၌ထားလျက်ရှိသောသူငယ်တော်ကိုလည်းကောင်း တွေ့ကြ၏၊တွေ့မြင်ရလျှင်မိမိတို့အားပြောထားလျက်ရှိသောသူငယ်တော်၏အကြောင်း မှန်သည်ကိုနားလည်ကြ၏၊ကြားရသမျှသောသူတို့သည်လည်းမိမိတို့အားသိုးထိန်းတို့ ပြောသောအကြောင်းအရာများကိုအံ့ဩနေကြကုန်၏၊မာရိယားမူကားထိုအကြောင်း အရာအားလုံးစုံကိုမိမိနလုံး၌ဆင်ခြင်လျက်သိမ်းပိုက်ထားလေ၏၊သိုးထိန်းတို့သည်လည်း မိမိတို့အားပြောနှင့်သည်အတိုင်းကြားရမြင်ရသောအကြောင်းအရာများကြောင့်ဘုရား သခင်၏ဂုဏ်တော်ကိုချီးမွမ်းပြောပလျက်ပြန်သွားကြလေ၏၊သူငယ်ကိုအသားလှီးအံ့ သောဂှာရှစ်ရက်မြောက်သောနေ့ရောက်လျှင်ဝမ်းခေါင်း၌ပဋိသန္ဓေမယူမီကကောင်း ကင်တမန်တော်မှည့်သော ယေရှုအမည်ဖြင့်ကိုယ်တော်ကိုမှည့်ကြ၏။-

ဤသည်ကား ခရစ္စတူးသခင်၏ နှုတ်ကပါဌ်တော်ပေတည်း၊